# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

## ညွှန်ကြားချက်အမှတ် ၁ / ၂၀၁၉

## ၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်

## (၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၀ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် တိရစ္ဆာန်ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေးဥပဒေ ပုဒ်မ ၁၅၊ ပုဒ်မခွဲ(ဃ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် ကျွဲ၊ နွားများအား တရားမဝင် သတ်ဖြတ်ခြင်းနှင့် တရားမဝင် သယ်ဆောင်ခြင်းတို့ကြောင့် ဘေးအန္တရာယ်၊ ကူးစက်ရောဂါနှင့် အခြားမလိုလားအပ်သောကိစ္စတစ်စုံတစ်ရာ မပေါ်ပေါက်စေရန် ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

**သားသတ်ခြင်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန် ကျွဲ၊ နွားများကို ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုမှ ပြည်ထောင်စုနယ်မြေ၊ အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုသို့ ဝယ်ယူသယ်ဆောင်၍ အသားထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ဆောင်ရာတွင် လိုက်နာရမည့်ညွှန်ကြားချက်**

၁။ သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်း အသီးသီးက ထုတ်ပေးသော အသားထုတ်လုပ်ရောင်းချခွင့်ရရှိသည့် ပုဂ္ဂိုလ်၊ ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းသည် သားသတ်ခြင်းလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရန် ကျွဲ၊နွားများကို ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုမှ ပြည်ထောင်စုနယ်မြေ၊ အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုသို့ ဝယ်ယူသယ်ဆောင်လိုပါက မိမိတို့လုပ်ငန်းဆောင်ရွက်မည့်ရက်မတိုင်မီ အနည်းဆုံး ရက်ပေါင်း

၆၀ ကြိုတင်၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ရုံးချုပ်သို့ လျှောက်ထားသူ၏ ကိုယ်ရေးအချက်အလက်များ ဖော်ပြပါရှိသော လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲ၍ လျှောက်ထားရမည်-

(က) သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းအသီးသီးက ထုတ်ပေးထားသော အသားထုတ်လုပ်ရောင်းချခွင့် လက်မှတ်မိတ္တူ သို့မဟုတ် သားသတ် လုပ်ငန်းလုပ်ကိုင်ခွင့်အထောက်အထား မိတ္တူနှင့်လအလိုက်၊ ရက်အလိုက်သတ်ဖြတ်ရန် ခွင့်ပြုထားသော ကျွဲ၊ နွား ကောင်ရေ ဖော်ပြချက်၊

(ခ) ဝယ်ယူမည့်ဒေသနှင့် သက်ဆိုင်သော ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး၏ ဝယ်ယူခွင့်ပြုနိုင်ကြောင်း စိစစ်ထောက်ခံထားသည့် တစ်လအတွင်းစာ၊

(ဂ) လက်ခံမည့်ဒေသနှင့် သက်ဆိုင်သော ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး၏ သားသတ်မည့်ကောင်ရေမှန်ကန်ကြောင်း ထောက်ခံထားသည့် တစ်လအတွင်းစာ၊

(ဃ) အများပြည်သူစားသုံးရန် သတ်ဖြတ်မည့် တိရစ္ဆာန်၏ကျန်းမာရေးစစ်ဆေးခြင်းနှင့် အသားစစ်ဆေးခြင်းတို့အတွက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ ပေးဆောင်ရမည့် ကြွေးကျန်မရှိကြောင်း သက်ဆိုင်ရာ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ထောက်ခံစာ၊

(င) မည်သည့်နေရာဒေသမှ မည်သည့်နေရာဒေသသို့ ရွှေ့ပြောင်း သယ်ဆောင်မည်ဖြစ်ကြောင်း ဖော်ပြချက်၊

(စ) သယ်ဆောင်မည့်သူအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊

(ဆ) သယ်ဆောင်မည့် နည်းလမ်း(ယာဉ်အမျိုးအစား၊ ယာဉ်နံပါတ်)၊

(ဇ) သယ်ဆောင်မည့်လမ်းကြောင်းဖော်ပြချက်၊

(ဈ) လအလိုက် သတ်မှတ်ကောင်ရေအား သယ်ဆောင်မည့် စီမံချက်၊

၂။ အပိုဒ်(၁)အရ လျှောက်ထားသူများသည် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ရုံးချုပ်၏ စိစစ်ခွင့်ပြုစာ ရရှိသည့်အခါ သက်ဆိုင်ရာခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး၏ ကျွဲ၊ နွား သယ်ဆောင်ခွင့်လက်မှတ်ရယူရမည်။

၃။ အပိုဒ်(၁)အရ လျှောက်ထားသူများသည် သက်ဆိုင်ရာ ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး၏ ကျွဲ၊ နွား သယ်ဆောင်ခွင့်လက်မှတ်ရရှိပြီး သားသတ်ခြင်းလုပ်ငန်းဆောင်ရွက်ရန် ကျွဲ၊ နွားများ သယ်ဆောင်ရာတွင် အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက သတ်မှတ်ထားသော ကာကွယ်ဆေးများ ထိုးနှံပြီးသည့် ကျွဲ၊ နွားများကိုသာ သယ်ဆောင်ရမည်။

(ခ) တိရစ္ဆာန်ကျန်းမာရေး စစ်ဆေးပြီးဖြစ်ရမည်။

(ဂ) ကျွဲ၊ နွားများကို တိရစ္ဆာန်အမှတ်အသား(Microchip သို့မဟုတ် Ear-Tag) တပ်ဆင်ပြီးမှသာ သယ်ဆောင်ရမည်။

(ဃ) တိရစ္ဆာန်ကျန်းမာရေး စစ်ဆေးခြင်းအတွက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ရုံးချုပ်က သတ်မှတ်ထားသော အခကြေးငွေကို ပေးဆောင်ရမည်။

(င) ကျန်းမာရေးစစ်ဆေးပြီး ၂ ပတ်အတွင်း အပြီးသယ်ဆောင်ရမည်။

(စ) သယ်ဆောင်ရန် စတင်ထွက်ခွာမည့်အချိန်တွင် သယ်ဆောင်မည့်ယာဉ်နှင့် ကျွဲ၊ နွားများ မှန်ကန်မှု ရှိ မရှိ နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

(ဆ) ခွင့်ပြုထားသောလမ်းကြောင်းအတိုင်း သတ်မှတ်ထားသည့်ယာဉ်ဖြင့်သာ သယ်ဆောင်ရမည်။

(ဇ) လအလိုက်သယ်ဆောင်မည့် စီမံချက်ပါသတ်မှတ်ကောင်ရေကို သယ်ဆောင်ရမည်။

(ဈ) သယ်ဆောင်ရာတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ရုံးချုပ်၏ စိစစ်ခွင့်ပြုစာ၊ သက်ဆိုင်ရာ ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး၏ ကျွဲ၊ နွားသယ်ဆောင်ခွင့်လက်မှတ်မူရင်း၊ သက်ဆိုင်ရာ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး၏ တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက်လက်မှတ် (AHD/PC-3) မူရင်းတို့ ပါရှိရမည်။

၄။ အပိုဒ်(၁)အရ လျှောက်ထားသူများသည် သယ်ဆောင်မည့် ခရီးဆုံးဒေသသို့ ရောက်ရှိသည့်အခါ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ခရီးဆုံးဒေသရှိ သက်ဆိုင်ရာမြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ စစ်ဆေးမှုကို ခံယူရမည်။

(ခ) သတ်ဖြတ်မည့် တိရစ္ဆာန်၏ ကျန်းမာရေးစစ်ဆေးခြင်းနှင့် သတ်ဖြတ်ပြီး ရရှိလာသည့် အသားစစ်ဆေးခြင်းတို့အတွက် အခကြေးငွေပေးသွင်းခြင်းကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) နေ့ရက်အလိုက် သတ်ဖြတ်သည့် ကျွဲ၊ နွားများတွင် တပ်ဆင်ထားသော တိရစ္ဆာန်အမှတ်အသား (Microchip သို့မဟုတ် Ear-Tag)ကို မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး၏ သိမ်းယူခြင်းကို ခံယူရမည်။

(ဃ) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက စစ်ဆေးသည့်အချိန်တွင် နေ့စဉ်သတ်ဖြတ်သည့်ကောင်ရေအလိုက် တိရစ္ဆာန်သားရေများကို တင်ပြနိုင်ရမည်။

၅။ ဤညွှန်ကြားချက်ပါ အချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်လျှင် တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးဥပဒေအရ အရေးယူခြင်း ခံရမည်။

ဒေါက်တာရဲထွန်းဝင်း
ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ညကခ/ စမရ/ ဥပဒေ/ ၂၀၁၉ ( ၁၄၂ )
ရက် စွဲ ၊ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်

**ဖြန့်ဝေခြင်း**

**ပြည်ထောင်စုနယ်မြေ(နေပြည်တော်)နှင့်**
**တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးဌာနမှူးများ(အားလုံး)**
**ခရိုင်ဦးစီးဌာနမှူးများ(အားလုံး)**
**မြို့နယ်ဦးစီးဌာနမှူးများ(အားလုံး)**
**ကြော်ငြာသင်ပုန်း(သက်ဆိုင်သူများသိစေရန်)**
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

D/cattle movement

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ညွှန်ကြားရေးမှူးချုပ်ရုံး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ဒုတိယညွှန်ကြားရေးမှူးချုပ်၊ (စီမံ၊ သုကျွန်း၊ မွေးဖွံ့)၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ဌာနခွဲ(အားလုံး)၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မျှော စာတွဲ
လက်ခံစာတွဲ

D/cattle movement